ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြဋ္ဌာန်းသည့်

# အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ

# ဥပဒေ နှင့် နည်းဥပဒေများ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်။ | ၁ |
| အခန်း (၂) | ရည်ရွယ်ချက် | ၃ |
| အခန်း ( ၃ ) | မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၄ |
| အခန်း ( ၄ ) | ပြည်တွင်းအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း | ၈ |
| အခန်း ( ၅ ) | အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း | ၁၁ |
| အခန်း ( ၆ ) | မှတ်ပုံတင်ခွင့်လျှောက်ထားရန် မလိုသော အသင်းအဖွဲ့များ | ၁၃ |
| အခန်း ( ၇ ) | အသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းနှင့် သက်တမ်းတိုးခြင်း | ၁၃ |
| အခန်း ( ၈ ) | အသင်းအဖွဲ့များအား အကာအကွယ်ပေးခြင်းနှင့် အကျိုးခံစားခွင့် | ၁၅ |
| အခန်း ( ၉ ) | အထွေထွေ | ၁၅ |


* * * * * * * * *

# အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁ )
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ( ၁ )

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

( က ) နိုင်ငံတော် ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ပြည်ထောင်စုအသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့် အဖွဲ့ကို ဆိုသည်။

(င) **နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ နေပြည်တော်ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သော နေပြည်တော်ကောင်စီအသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(စ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များမှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကိုဆိုသည်။

(ဆ) **ခရိုင်မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အသင်းအဖွဲ့များမှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့် အဖွဲ့ကို ဆိုသည်။

(ဇ) **မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော မြို့နယ်အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့် အဖွဲ့ကို ဆိုသည်။

(ဈ) **အသင်းအဖွဲ့** ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ကို ဆိုသည်။

(ည) **ပြည်တွင်းအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများ

အကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်သော်လည်းကောင်း၊ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူအများ စုပေါင်းဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့များ၏ အဖွဲ့ခွဲများလည်း ပါဝင်သည်။

( ဃ ) **အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ရည်ရွယ်သော အဖွဲ့အစည်းကို ဆိုသည်။

( င ) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ်တို့ကို ဆိုသည်။

( စ ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

( ဆ ) ဦးစီးဌာန ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ဆိုသည်။

## အခန်း ( ၂ )

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

( က ) အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊

(ဃ) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ

( ခ ) အသင်းအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊

( ဂ ) အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်စေရန်၊

( ဃ ) အသင်းအဖွဲ့များသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်ရန်၊

( င ) လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်။

အခန်း ( ၃ )

မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအတွက် မှတ်ပုံတင်ရေးအဖွဲ့များကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

( က ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊

( ဂ ) နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊

( ဃ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊

( င ) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊

( စ ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၊

၅။ ( က ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |

(၃) ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အဖွဲ့ဝင်

(၄) ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး

(၇) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး တွဲဖက်အတွင်းရေးမှူး

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) လူမှုရေးရာဝန်ကြီး ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်း အဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ

(၄) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး တွဲဖက်အတွင်းရေးမှူး

( ဂ ) နေပြည်တော်ကောင်စီသည် နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) နေပြည်တော်ကောင်စီဝင်တစ်ဦး ဥက္ကဋ္ဌ

(၂) နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်

(၃) နေပြည်တော်ကောင်စီအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ ကိုယ်စားလှယ်နှစ်ဦး

(၄) ညွှန်ကြားရေးမှူး၊ နေပြည်တော် အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) ခရိုင်ဥပဒေအရာရှိတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး ခရိုင်ဥပဒေရုံး

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းရမည် -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဥက္ကဋ္ဌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦး

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် အဖွဲ့ဝင်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး

(၄) လက်ထောက်ညွှန်ကြားရေးမှူး၊ အတွင်းရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) ဥက္ကဋ္ဌက တာဝန်ပေးအပ်သော တွဲဖက်အတွင်းရေးမှူး သက်ဆိုင်ရာဥပဒေအရာရှိ

(င) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်
(၃) ခရိုင်အသင်းအဖွဲ့များမှကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ
(၄) လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး
(၅) ခရိုင်ဥပဒေအရာရှိ ခရိုင်ဥပဒေရုံး တွဲဖက်အတွင်းရေးမှူး

( စ ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် –

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ
(၂) မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်
(၃) မြို့နယ်အသင်းအဖွဲ့များမှကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ
(၄) ဦးစီးအရာရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး
(၅) မြို့နယ်ဥပဒေအရာရှိ မြို့နယ်ဥပဒေရုံး တွဲဖက်အတွင်းရေးမှူး

၆။ မှတ်ပုံတင်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

( က ) အသင်းအဖွဲ့များက မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

( ခ ) ပြည်တွင်းအသင်းအဖွဲ့များအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊

( ဂ ) အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် ကူညီပေးခြင်း၊

(ဃ) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းကိုလည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တို့ကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း။

## အခန်း ( ၄ )
## ပြည်တွင်းအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း

၇။ ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားရမည် -

(က) အသင်းအဖွဲ့အမည်၊

(ခ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

(ဂ) စတင်တည်ထောင်သည့်နေ့

(ဃ) ရည်ရွယ်ချက်၊

(င) လုပ်ငန်းစဉ်၊

( စ ) အမှုဆောင်ဦးရေ၊

( ဆ ) အသင်းဝင်ဦးရေ၊

( ဇ ) အသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်း၊

( ဈ ) ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊

( ည ) ဖွဲ့စည်းပုံနှင့်စည်းမျဉ်း၊

( ဋ ) သီးခြားတင်ပြချက် (ရှိလျှင်)၊

( ဌ ) လျှောက်ထားသည့်ရက်စွဲ။

၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၇ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း (အစိုးရ ရုံးပိတ်ရက်များ မပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက် များနှင့်အညီ စိစစ်ပြီး -

( က ) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်း ချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား ထုတ်ပေးရမည် -

(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ၉၀ ရက်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ၆၀ ရက်

(၃) နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊ ၆၀ ရက်

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်

(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်

(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်

( ခ ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့မှာ မှတ်ပုံတင်ကြေးပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း မပြုမီ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်။

( ဂ ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူထံ ပြန်ကြားရမည် -

(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်

(၃) နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊ ၁၅ ရက်

(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ ၁၅ ရက်

(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ၁၅ ရက်

၉။ မှတ်ပုံတင်ပေးရန် လျှောက်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

၁၀။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး

ကျပ်တစ်သိန်း သတ်မှတ်သည်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် လုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

၁၂။ နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် နေပြည်တော်ကောင်စီ နယ်နိမိတ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

၁၄။ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

၁၅။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

## အခန်း ( ၅ )

## အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း

၁၆။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိရန် အောက်ပါအချက်များကို ဖော်ပြ၍ ယင်းအသင်းအဖွဲ့၏ တာဝန်ခံက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည် -

(က) အသင်းအဖွဲ့အမည်၊

(၁၂) **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ**

( ခ ) အကြီးအကဲအမည်၊

( ဂ ) တာဝန်ခံအမည်၊

( ဃ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

( င ) အသင်းအခြေစိုက်နိုင်ငံ၊

( စ ) မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့်လုပ်ငန်း၊

( ဆ) ဆက်သွယ်ဆောင်ရွက်မည့် ဝန်ကြီးဌာနများ၊

( ဇ ) လုပ်ငန်းစီမံချက်၊

( ဈ ) အမှုဆောင်အဖွဲ့ဝင်ဦးရေ၊

( ည) ရုံးခွဲတည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

( ဋ ) ရုံးခွဲတာဝန်ခံအမည်၊

( ဌ ) လျှောက်ထားသည့်ရက်စွဲ။

၁၇။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၁၆ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း (အစိုးရရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

( က ) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

( ခ ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။ မှတ်ပုံတင်ကြေး တစ်သိန်းကျပ် သတ်မှတ်သည်။

( ဂ ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားစာကို လျှောက်ထားသူအား ပြန်ကြားရမည်။

၁၈။ မှတ်ပုံတင်ပေးရန်လျှောက်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

## အခန်း ( ၆ )

## မှတ်ပုံတင်ခွင့်လျှောက်ထားရန် မလိုသော အသင်းအဖွဲ့များ

၁၉။ ဤဥပဒေအရ မှတ်ပုံတင်ခွင့် လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည် -

( က ) ဘာသာရေး သာသနာရေးနှင့် စီးပွားရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များ၊

( ခ ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးအသင်းအဖွဲ့များ၊

( ဂ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ။

## အခန်း ( ၇ )

## အသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းနှင့် သက်တမ်းတိုးခြင်း

၂၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များသည် -

( က ) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် နှစ်ပတ်လည် အစီရင်ခံစာကို ငွေစာရင်းရှင်းတမ်းနှင့်အတူ တင်ပြရမည်။

(ခ) နှစ်စဉ် နှစ်ပတ်လည်အစီရင်ခံစာ ပုံမှန်တင်ပြခြင်းဖြင့် ဆက်လက်တည်ရှိနေသည်ဟု မှတ်ယူ၍ ငါးနှစ်လျှင်တစ်ကြိမ် မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ်ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လဲလှယ်ခြင်းအတွက် မှတ်ပုံတင်ကြေး ပေးဆောင်ရန်မလို။

၂၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များသည် ငါးနှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးခွင့်ရှိသည်။ သက်တမ်းတိုးခြင်းအတွက် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ထပ်မံပေးဆောင်ရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့မျးသည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်ပတ်လည် အစီရင်ခံစာကို တစ်ဆက်တည်း ငါးနှစ် တင်ပြရန် ပျက်ကွက်ပါက ယင်းအသင်းအဖွဲ့သည် လှုပ်ရှားရပ်တည်ဆောင်ရွက်မှုမရှိဟု မှတ်ယူမည်ဖြစ်ပြီး ဆက်လက်လှုပ်ရှား ဆောင်ရွက်လိုပါက မှတ်ပုံတင်အသစ် လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။

၂၃။ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် လဲလှယ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ရက်ပေါင်း ၆၀ အထိ ဆက်လက် ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသော အကြောင်းရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

၂၄။ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့ သို့မဟုတ် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၁၂၀ အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသော အကြောင်းရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

## အခန်း ( ၈ )

## အသင်းအဖွဲ့များအား အကာအကွယ်ပေးခြင်းနှင့် အကျိုးခံစားခွင့်

၂၅။ မှတ်ပုံတင်ထားသော အသင်းအဖွဲ့တစ်ရပ်ရပ်၏ ဥပဒေနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများကို ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပံ့ပိုးကူညီခြင်းနှင့် အကာအကွယ်ပေးခြင်းပြုရမည်။

၂၆။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် နိုင်ငံတော်က ပေးအပ်သည့် အထောက်အပံ့များကို လက်ခံရယူခွင့်ရှိသည်။

၂၇။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့များသည် နိုင်ငံတကာအစိုးရတစ်ရပ်ရပ်ထံမှဖြစ်စေ၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပြည်တွင်းအသင်းအဖွဲ့ တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှဖြစ်စေ အထောက်အပံ့ကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံရယူနိုင်သည်။

၂၈။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်နိုင်ခွင့်နှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်ရှိသည်။

၂၉။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်သည် မိမိအသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား ကိုယ်ပိုင်ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ခွင့်ရှိသည်။

## အခန်း ( ၉ )

## အထွေထွေ

၃၀။ မည်သည့် နိုင်ငံရေးပါတီဝင်မဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် သက်ဆိုင်ရာပါတီကိုစွန့်ခွာ ၀င်ရောက်လှုပ်ရှား ဆောင်ရွက်ခွင့်ရှိသည်။

၃၁။ မည်သည့် နိုင်ငံ့ဝန်ထမ်းမဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ ဝင်ရောက်လှုပ်ရှား ဆောင်ရွက်နိုင်သည်။

## (၁၆) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ

၃၂။ အသင်းအဖွဲ့များသည် အချင်းချင်း မိတ်ဖက်ပြုလုပ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြန်အလှန်တာဝန်ယူမှု၊ ရပိုင်ခွင့်နှင့် အခန်းကဏ္ဍများ၌ ညီညွတ်မျှတသော အခြေအနေဖြစ်ရန် ဆောင်ရွက်ရမည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၃၄။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားဆောင်ရွက်ရမည်။

၃၅။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့ရသည့် ဒေသသို့ နယ်မြေကျော်လွန်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ဆောင်ရွက်မည့် သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးအဖွဲ့နှင့် မှတ်ပုံတင်ရေးအဖွဲ့သို့ အကြောင်းကြား၍ လှုပ်ရှားဆောင်ရွက်ရမည်။

၃၆။ မှတ်ပုံတင်ခြင်းမပြုရသေးသော အစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခုသည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေသည့် ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာ ထုတ်ပေးရမည်။

၃၇။ အသင်းအဖွဲ့တစ်ခုသည် ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာ ပြောင်းလဲခြင်းပြုလုပ်လိုပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်း စာဖြင့်အကြောင်းကြားတင်ပြရမည်။

၃၈။ အသင်းအဖွဲ့တစ်ခုသည် ယင်းအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်

အသင်းအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ်များ ပြောင်းလဲခြင်းပြုလိုပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်း စာဖြင့် အကြောင်းကြား တင်ပြရမည်။

၃၉။ အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအတွက် အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များကို နှစ်နှစ်လျှင်တစ်ကြိမ် အသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့် ညှိနှိုင်း ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း နှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၄၂။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈) အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များအဖြစ် မှတ်ယူရမည်။

၄၃။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၈၈) အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

❖ ❖ ❖ ❖ ❖

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ ❖ ❖ ❖ ❖

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
( အမိန့်ကြော်ငြာစာအမှတ် ၇၀၅ / ၂၀၁၅ )
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန် လ ၅ ရက် )

## နိဒါန်း

ပြည်ထဲရေးဝန်ကြီးဌာနသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်၊ ထို့အပြင် အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာအသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ဆိုသည်။

(ခ) မှတ်ပုံတင်သက်တမ်း ဆိုသည်မှာ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့မှ ပြက္ခဒိန်နှစ် ပထမ ၆ လအတွင်း မှတ်ပုံတင်ခွင့်ပြုသော အသင်းအဖွဲ့များအား ယင်းနှစ်မှစတင်၍ သက်တမ်းကာလ ၅ နှစ် သတ်မှတ်ပြီး ဒုတိယ ၆ လအတွင်း မှတ်ပုံတင်ခွင့်ပြုသော အသင်းအဖွဲ့များအား လာမည့် ပြက္ခဒိန်နှစ်မှစ၍ မှတ်ပုံတင်သက်တမ်းကာလ ၅ နှစ်ကို ဆိုသည်။ (ရှင်းလင်းချက် - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ၉ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးမှ မှတ်ပုံတင်ခွင့်ပြုသော အသင်းများအား ဒုတိယ ၆ လအတွင်း ပါဝင်သဖြင့် ၃၁-၁၂-၂၀၁၉ အထိ ခွင့်ပြုခြင်းဖြစ်သည်။)

(ဂ) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေအရ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထားသော ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

(ဃ) လျှောက်ထားသည့်နေ့ ဆိုသည်မှာ သက်ဆိုင်ရာ ပြက္ခဒိန်နှစ်အတွင်း အသင်းအဖွဲ့များမှ မှတ်ပုံတင်ရန်အလို့ငှာ အချက်အလက်များ ပြီးပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်လွှာတင်သွင်းပြီး သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ရုံးမှ မှတ်ပုံတင်လျှောက်လွှာလက်ခံရရှိကြောင်းပုံစံ၅အားထုတ်ပေးသည့်နေ့ကိုဆိုသည်။

2015-06-05

(ဃ) အသင်းအဖွဲ့ပိုင်ပစ္စည်း ဆိုသည်မှာ အသင်းအဖွဲ့ပိုင် ငွေကြေး၊ရန်ပုံငွေ၊ ကြွေးမြီ၊ ကတိခံဝန်ချုပ် လက်မှတ်၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များနှင့် အသင်းအဖွဲ့ပိုင် ရွှေ့ပြောင်း နိုင်သောပစ္စည်းသို့မဟုတ်မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကိုဆိုသည်။

(င) ငွေစာရင်းရှင်းတမ်း ဆိုသည်မှာ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၏ အကျိုးအမြတ် မယူသော မတည်ငွေ၊ တည်ဆဲဥပဒေနှင့်အညီ ပြည်တွင်း သို့မဟုတ် ပြည်ပမှလှူဒါန်းငွေ များအား မိမိအသင်းအဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံရရှိခြင်းနှင့် သုံးစွဲခြင်း တို့အား မိမိအသင်းအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စာရင်းစစ်ဆေး၍ စနစ်တကျ စာရင်းရေးသွင်း ထားသော ရှင်းတမ်းကို ဆိုသည်။

(စ) ယာယီမှတ်ပုံတင်လက်မှတ် ဆိုသည်မှာ အသင်းအဖွဲ့များမှ သက်ဆိုင်ရာ မှတ်ပုံတင်ရေး အဖွဲ့သို့ မှတ်ပုံတင်ခွင့်လျှောက်ထားစဉ်ကာလအတွင်း သက်ဆိုင်ရာ မှတ်ပုံတင်ရေး အဖွဲ့က ဥပဒေနှင့်အညီ ယာယီထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဆ) တာဝန်ခံပုဂ္ဂိုလ် ဆိုသည်မှာ ဤဥပဒေပါမှတ်ပုံတင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ မှတ်ပုံတင်လျှောက်ထားလိုသော ပြည်တွင်းအသင်းအဖွဲ့တစ်ခုခုက တရားဝင် ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော အမှုဆောင်တစ်ဦးဦးကိုသော်လည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့က တရားဝင်ကိုယ်စားလှယ်အဖြစ် တာဝန် ပေးအပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း ဆိုသည်။

## အခန်း(၂)

## မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ

၃။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့အား ဆောင်ရွက်နိုင်ရန်အတွက် မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရား ဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်း ရှိမရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား နေပြည်တော်၊ မြန်မာ စီးပွားရေးဘဏ်တွင် မှတ်ပုံတင်ကြေး ကျပ်တစ်သိန်းအား ခွင့်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးသွင်းစေပြီး မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့် မပြုသင့်ကြောင်းဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့် လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှု မရှိစေရေး စိစစ်ခြင်း၊

(၇) မှတ်ပုံတင်ခြင်းမပြုရသေးသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ တစ်ဖွဲ့သည် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသသို့ လူမှုကူညီရေးလုပ်ငန်းများ အရေးပေါ် သွားရောက် ဆောင်ရွက်လိုကြောင်း လျှောက်ထားလာပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ဆောလျင်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းနှင့် အနီးစပ်ဆုံး အစည်းအဝေးတွင် တင်ပြ အတည်ပြုချက်ရယူခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့် အချိန်တွင် ယာယီမှတ်ပုံတင် လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ အပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်း ရှင်းတမ်းတို့ကို တစ်နှစ်တစ်ကြိမ်တင်ပြခြင်း ရှိ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များမှ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ယာယီမှတ်ပုံတင်လက်မှတ်များကို ဥပဒေနှင့်အညီ ထုတ်ပေးရာတွင် ရှင်းလင်းလွယ်ကူစေရန် မှတ်ပုံတင်ခွင့်ပြုသည့် လက်မှတ်ပုံစံနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(၁၂) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(ဓ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေး အဖွဲ့၏ လုပ်ငန်းတာဝန်များ

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်း ရှိ၊မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် မှတ်ပုံတင်ကြေး သုံးသောင်းကျပ်အား ခွင့်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးသွင်းစေပြီး မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြုအမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့် လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှု မရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ် တစ်မျိုးမျိုးကြုံတွေ့နေသည့် ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်း အဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ရည်ရွယ်ချက်၊လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ်တစ်ကြိမ်တင်ပြခြင်း ရှိ၊မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်း ရှိမရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့် လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှု မရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ် တစ်မျိုးမျိုးကြုံတွေ့နေသည့် ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ်တင်ပြခြင်း ရှိမရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(ဃ) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်း ရှိ/မရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်/မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြုအမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့် လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှု မရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ် တစ်မျိုးမျိုးကြုံတွေ့နေသည့် ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်း အဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ်တင်ပြခြင်းရှိ/မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၁) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း။

(င) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်း ရှိမရှိ ဤနည်းဥပဒေ ၄ နှင့် ၅ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် သင့်၊မသင့် ဆုံးဖြတ်ခြင်း၊

(၂) မှတ်ပုံတင်ခွင့်ပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်မပြုရန်ဆုံးဖြတ်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်မပြုကြောင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြန်ကြားခြင်း၊

(၄) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့် မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၅) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၆) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှု မရှိစေရေး စိစစ်ခြင်း၊

(၇) နိုင်ငံအတွင်း ဘေးအန္တရာယ် တစ်မျိုးမျိုးကြုံတွေ့နေသည့် ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်း အဖွဲ့တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊

(၈) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအား စိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့် အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၉) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(၁၀) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ် တစ်ကြိမ်တင်ပြခြင်းရှိ၊မရှိအား စိစစ်မှတ်တမ်းတင်ခြင်း။

## အခန်း(၃)

## ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့်ခွင့်ပြုခြင်း

၄။ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားလာသည့် အသင်းအဖွဲ့များသည် အောက်ပါစည်းကမ်းချက်များနှင့်ကိုက်ညီရမည်-

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်၊

(ခ) နိုင်ငံတော်၏လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုရမည်။

(ဂ) နိုင်ငံသားများအခွင့်အရေးကို လေးစားရမည်၊

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာ၊ သာသနာကိုးကွယ်ယုံကြည်မှုကို လေးစားရမည်၊

(င) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ အကျိုးကို အထောက်အကူပြုနိုင်သည့် ခိုင်မာအားကောင်းသောလူမှုအဖွဲ့အစည်းများဖြစ်ရမည်၊

(စ) အသင်းအမည်ပေးရာတွင် မိမိလုပ်ရှားဆောင်ရွက်မည့်နယ်မြေအဆင့်နှင့် လျော်ညီသော အမည်သတ်မှတ်လျှောက်ထားရမည်၊

(ဆ) အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများ၏ သဘောထားများ ပူးတွဲတင်ပြရမည်။

၅။ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားလာသည့် အသင်းအဖွဲ့များ၏ အမှုဆောင်များသည် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီရမည် -

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

(ခ ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

(င) စိတ်ပေါ့သွပ်သူမဟုတ်ခြင်း၊

(စ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့်ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်၊ ယင်းအဖွဲ့အစည်းဝင်များကို အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း။

၆။ နည်းဥပဒေ ၄ နှင့် ၅ ပါအချက်များနှင့်ကိုက်ညီသည့် ပြည်တွင်းအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သတ်မှတ်ထားသော ပုံစံ ၁၊ ပုံစံ ၄ နှင့် ပုံစံ ၄-က၊ မိမိအသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများနှင့်အတူ လျှောက်ထားလိုသော မှတ်ပုံတင်ရေးအဖွဲ့ရုံးများသို့ လျှောက်ထားရမည်။ ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို မှတ်ပုံတင်ရေးအဖွဲ့ရုံးမှ ပုံစံ ၅ ကို လျှောက်ထားသူအား ထုတ်ပေးရမည်ဖြစ်ပြီးယင်းပုံစံထုတ်ပေးသည့် နေ့ကို မှတ်ပုံတင်ခွင့်လျှောက်ထားသည့်နေ့ဟု မှတ်ယူရမည်။

၇။ နည်းဥပဒေ ၆ အရ လျှောက်ထားလာသော အသင်းအဖွဲ့များနှင့် စပ်လျဉ်းပြီး မှတ်ပုံတင်ရေးအဖွဲ့ခွဲသည် လိုအပ်ချက်များ ဆောင်ရွက်ပြီးနောက် ပြည့်စုံပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် နည်းဥပဒေ ၇ အရ တင်ပြလာသည့် အသင်းအဖွဲ့များအား စိစစ်ပြီးနောက် ဥပဒေနှင့်ညီညွတ်ပါက သက်ဆိုင်ရာအသင်းအဖွဲ့များသို့ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

## အခန်း(၄)

## အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့်ခွင့်ပြုခြင်း

၉။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့် အသင်းအဖွဲ့များသည် အောက်ပါစည်းကမ်းချက်များနှင့်ကိုက်ညီရမည်-

- (က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်၊
- (ခ) နိုင်ငံတော်၏လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုရမည်။
- (ဂ) နိုင်ငံသားများအခွင့်အရေးကို လေးစားရမည်၊
- (ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာသာသနာကိုးကွယ်ယုံကြည်မှုကို လေးစားရမည်၊
- (င) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ အကျိုးကို အထောက်အကူပြုနိုင်သည့် ခိုင်မာအားကောင်းသောလူမှုအဖွဲ့အစည်းများဖြစ်ရမည်၊
- (စ) အသင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်နှီးနွှယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများ ပူးတွဲတင်ပြရမည်။

၁၀။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များအဖြစ် မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားရာတွင် အသင်းအဖွဲ့၏အမှုဆောင်များမှာ အောက်ပါအရည်အချင်းများနှင့်ကိုက်ညီရမည် -

- (က) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများ၊ ယင်းတို့နှင့် ပူးပေါင်းဆောင်ရွက်မည့်နိုင်ငံသားများဖြစ်ခြင်း၊
- (ခ ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊
- (ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊
- (ဃ) ထောင်ဒဏ်ကျခံနေရသူ မဟုတ်ခြင်း၊
- (င) စိတ်ပေါ့သွပ်သူမဟုတ်ခြင်း၊
- (စ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့်ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်၊ ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း။

၁၁။ နည်းဥပဒေ ၉ နှင့် ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များ၏ တာဝန်ခံပုဂ္ဂိုလ်သည် ဤနည်းဥပဒေအရ သတ်မှတ်ထားသော ပုံစံ ၃ ၊ ပုံစံ ၄ ၊ ပုံစံ ၄-က၊ မိမိအသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ သဘောထား၊ လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ ညှိနှိုင်းခွင့်ပြုချက်တို့နှင့်အတူ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ရုံး သို့ လျှောက်ထားရမည်။ ယင်းလျှောက်လွှာ လက်ခံရရှိကြောင်းကို မှတ်ပုံတင်ရေးအဖွဲ့ရုံးမှ ပုံစံ၅ ကို ထုတ်ပေးရမည်ဖြစ်ပြီးယင်းပုံစံ ထုတ်ပေးသည့်နေ့ကို မှတ်ပုံတင်ခွင့် လျှောက်ထားသည့်နေ့ဟု မှတ်ယူရမည်။

၁၂။ နည်းဥပဒေ ၁၁ အရ လျှောက်ထားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များ ပူးတွဲတင်ပြရမည်။

၁၃။ ယင်းသို့ လျှောက်ထားလာသော အသင်းအဖွဲ့များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် လိုအပ်ချက်များဆောင်ရွက်ပြီးနောက် ပြည်စုံပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့တစ်ပြရမည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် တင်ပြလာသည့် အသင်းအဖွဲ့များအား စိစစ်ပြီးနောက် ဥပဒေနှင့်ညီညွတ်ပါက သက်ဆိုင်ရာ အသင်းအဖွဲ့များသို့ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

## အခန်း(၅)

## ပြည်တွင်းအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းနှင့်သက်တမ်းတိုးခြင်း

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များသည် သတ်မှတ်ထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည် လှုပ်ရှားဆောင်ရွက်လိုပါက သက်တမ်းမကုန်မီ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်ရေးရုံးသို့ ပုံစံ ၂ ၊ ပုံစံ ၄ နှင့် ပုံစံ ၄-က တို့ဖြင့် မှတ်ပုံတင်လက်မှတ်လဲလှယ်ရန် လျှောက်ထားရမည်။

၁၅။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များသည် သတ်မှတ်ထားသောသက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည် လှုပ်ရှားဆောင်ရွက်လိုပါက သက်တမ်းမကုန်မီ ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပုံစံ ၃ ၊ ပုံစံ ၄ နှင့် ပုံစံ ၄-က တို့ဖြင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားရမည်။

၁၆။ မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ယင်းလျှောက်လွှာလက်ခံ ရရှိကြောင်းကို ပုံစံ ၅ ဖြင့် လျှောက်လွှာတင်သွင်းသူအား ထုတ်ပေးရမည်။

၁၇။ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုး လဲလှယ်ခွင့်ပြုရာတွင်ပြည်တွင်းအသင်းအဖွဲ့များအားမှတ်ပုံတင်ကြေးပေးဆောင်ရန်မလိုကြောင်းနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များအား သတ်မှတ် မှတ်ပုံတင်ကြေး ပေးသွင်းစေရန် အသိပေးရမည်။

၁၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ဥပဒေပုဒ်မ ၂၂ အရ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား တစ်ဆက်တည်း ၅ နှစ် တင်ပြရန်ပျက်ကွက်သည့် အသင်းအဖွဲ့များမှ မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်လျှောက်ထားလာသောအခါ မှတ်ပုံတင်အသစ်လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရန် ညွှန်ကြားရမည်။

၁၉။ နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းအား တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်းမဟုတ်ဘဲ ကြားကာလနှစ်များ၌ တင်ပြရန် ပျက်ကွက်ခြင်းများဖြစ်ခဲ့လျှင် မှတ်ပုံတင်သက်တမ်းတိုးသည့်အခါတွင် ပျက်ကွက်ခဲ့သည့်နှစ်အတွက် ပျက်ကွက်ရသည့် အကြောင်းအရင်းကို ဖော်ပြလျှောက်ထားရမည်။

၂၀။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုရန် နည်းဥပဒေ ၁၄ နှင့် ၁၅ တို့အရ တင်ပြလာသည့် အသင်းအဖွဲ့များအား စိစစ်ပြီးနောက် ဥပဒေ နှင့် ညီညွတ်ပါက သက်ဆိုင်ရာအသင်းအဖွဲ့များသို့ မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့်နှင့်သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားရမည်။

## အခန်း(၆)

## အသင်းအဖွဲ့ပိုင်ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းသုံးစွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြခြင်း

၂၁။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် အသင်းအဖွဲ့ပိုင်ပစ္စည်းများ ထိန်းသိမ်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျမှတ်တမ်း ပြုစုထားရှိရမည်-

(က) အသင်းအဖွဲ့ပိုင်ရငွေ၊ သုံးငွေများကိုပြုစုထားသည့် ငွေစာရင်းစာအုပ်များ၊

(ခ) အသင်းအဖွဲ့ပိုင်ရန်ပုံငွေ၊ ကြေးမြီ၊ ကတိခံဝန်ချုပ်လက်မှတ်၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊

(ဂ) အသင်းအဖွဲ့ပိုင်ငွေကြေးဖြင့်ဝယ်ယူထားသော သို့မဟုတ် အသင်းအဖွဲ့သို့လှူဒါန်းထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများ။

၂၂။ မှတ်ပုံတင်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံတော်အတွင်း လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့ပိုင်ပစ္စည်းများထိန်းသိမ်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျမှတ်တမ်းပြုစုထားရှိရမည်-

(က) အသင်းအဖွဲ့ပိုင်ရငွေ၊ သုံးငွေများကိုပြုစုထားသည့် ငွေစာရင်းစာအုပ်များ၊

(ခ) အသင်းအဖွဲ့ပိုင်ရန်ပုံငွေ၊ ကြေးမြီ၊ ကတိခံဝန်ချုပ်လက်မှတ်၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊

(ဂ) အသင်းအဖွဲ့ပိုင်ငွေကြေးဖြင့် ရယူသုံးစွဲလျက်ရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ။

၂၃။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များသည်ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက် နှစ်ပတ်လည် အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းများကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်စဉ် ဒီဇင်ဘာလ အတွင်း တင်ပြရမည်။

၂၄။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့အား နည်းလမ်းတစ်မျိုးမျိုးဖြင့် အသုံးပြုခြင်းများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်စေရမည်။

## အခန်း(၇)

## အထွေထွေ

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားလာသော အသင်းအဖွဲ့များသည် နိုင်ငံတော်အတွင်း လူမှုရေးကဏ္ဍ တစ်ရပ်ရပ်ကို ရှေးရှုဆောင်ရွက်ရန် ဖြစ်သည်။

၂၆။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ထားသောအသင်းအဖွဲ့များတွင် မည်သည့် နိုင်ငံရေးပါတီဝင် သို့မဟုတ် နိုင်ငံ့ဝန်ထမ်းမဆို ယင်းတို့အသီးသီး လိုက်နာရမည့်ဥပဒေကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရပါက ယင်းပုဂ္ဂိုလ်နှင့်သက်ဆိုင်သော ဌာနအဖွဲ့အစည်းသို့ အသိပေး အကြောင်းကြားရမည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ပထရ/ ၂ /၁ - ၁ (၇၀၅)/၂၀၁၅
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

၁။ အသင်းအဖွဲ့အမည် - ........................................

၂။ အသင်း၏တည်နေရာ - ........................................

၃။ အသင်းစတင်တည်ထောင်သည့်နေ့ - ........................................

၄။ အသင်း၏ရည်ရွယ်ချက် - ........................................

........................................

........................................

၅။ အသင်း၏လုပ်ငန်းစဉ် - ........................................

........................................

........................................

၆။ အသင်း၏အမှုဆောင်ဦးရေ - ........................................

( ပုံစံ (၄၊ ၄-က)ဖြင့်ဖော်ပြရန် ) ........................................

၇။ အသင်းဝင်ဦးရေ - ........................................

၈။ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း - ........................................

(ပူးတွဲဖြင့်ဖော်ပြရန်)

၉။ အသင်းအနေဖြင့်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ - ........................................

၁၀။ အသင်း၏ဖွဲ့စည်းပုံ/စည်းမျဉ်း - ........................................

(ပူးတွဲဖြင့်ဖော်ပြရန်) ........................................

၁၁။ သီးခြားတင်ပြချက် - ........................................

........................................

၁၂။ လျှောက်ထားသည့်ရက်စွဲ - ........................................

လျှောက်ထားသူ

လက်မှတ် - ........................................

အမည် - ........................................

အသင်း၏တာဝန် - ........................................

နိုင်ငံသားစိစစ်ရေး - ........................................

ကတ်ပြားအမှတ်

နေရပ်လိပ်စာ - ........................................

ပုံစံ(၂)

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ
## မှတ်ပုံတင်လက်မှတ်လဲလှယ်/သက်တမ်းတိုးခွင့်လျှောက်ထားခြင်း

၁။ အသင်းအဖွဲ့အမည် - ..........................................

၂။ အသင်း၏ တည်နေရာ - ..........................................

၃။ အသင်းစတင်တည်ထောင်သည့်နေ့ - ..........................................

၄။ အသင်း၏ ရည်ရွယ်ချက် - ..........................................
..........................................
..........................................

၅။ အသင်း၏ လုပ်ငန်းစဉ် - ..........................................
..........................................
..........................................

၆။ အသင်း၏ အမှုဆောင်ဦးရေ - ..........................................
( ပုံစံ (၄၊ ၄-က)ဖြင့်ဖော်ပြရန် ) ..........................................

၇။ အသင်းဝင်ဦးရေ - ..........................................

၈။ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း - ..........................................
(ပူးတွဲဖြင့်ဖော်ပြရန်)

၉။ အသင်းအနေဖြင့်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ - ..........................................

၁၀။ အသင်း၏ဖွဲ့စည်းပုံ/စည်းမျဉ်း - ..........................................
(ပူးတွဲဖြင့်ဖော်ပြရန်) ..........................................

၁၁။ သက်တမ်းတိုးအကြိမ်အရေအတွက် - ..........................................

၁၂။ သက်တမ်းကုန်ဆုံးရက် - ..........................................
(ယခင်လက်မှတ်မိတ္တူပူးတွဲတင်ပြရန်) ..........................................

၁၃။ သီးခြားတင်ပြချက် - ..........................................
..........................................

၁၄။ လျှောက်ထားသည့်ရက်စွဲ - ..........................................

လျှောက်ထားသူ

လက်မှတ် - ..........................................
အမည် - ..........................................
အသင်း၏ တာဝန် - ..........................................
နိုင်ငံသားစိစစ်ရေး - ..........................................
ကတ်ပြားအမှတ်

ပုံစံ-(၃)

| အကြီးအကဲ ဓါတ်ပုံ |
| --- |

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

၁။ INGO အမည် ------------------------------

၂။ INGO အကြီးအကဲအမည် ------------------------------

၃။ INGO တာဝန်ခံအမည် ------------------------------

၄။ INGO တည်နေရာလိပ်စာ ------------------------------

၅။ INGO ဆက်သွယ်ရမည့် ဖုန်း/ဖက်စ်နံပါတ် ------------------------------

၆။ အသင်းအခြေစိုက်နိုင်ငံ ------------------------------

၇။ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့်လုပ်ငန်း အမျိုးအစား ------------------------------
------------------------------
------------------------------

၈။ ဆက်သွယ်ဆောင်ရွက်ရမည့်ဝန်ကြီးဌာနများ ------------------------------
------------------------------
------------------------------

၉။ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (ပူးတွဲဖြင့်ဖော်ပြရန်) ------------------------------
------------------------------

၁၀။ INGO တွင် ပါဝင်သည့် အမှုဆောင် အဖွဲ့ဝင်ဦးရေ ( ပုံစံ (၄၊ ၄-က)ဖြင့်ဖော်ပြရန် ) ------------------------------
------------------------------

၁၁။ ရုံးခွဲရှိပါက ရုံးခွဲ၏ တည်နေရာ ------------------------------

၁၂။ ရုံးခွဲရှိ တာဝန်ခံအမည် ------------------------------

၁၃။ ရုံးခွဲ၏ ဖုန်းနံပါတ် /ဖက်စ်နံပါတ် ------------------------------

၁၄။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသည့်နေ့ ------------------------------

လျှောက်ထားသူ

လက်မှတ် - ------------------------------

အမည် - ------------------------------

အသင်း၏တာဝန် - ------------------------------

စိစစ်ရေးကတ်ပြားအမှတ် - ------------------------------

နေရပ်လိပ်စာ - ------------------------------
------------------------------

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ
## မှတ်ပုံတင်လက်မှတ်လဲလှယ်/သက်တမ်းတိုးခွင့်လျှောက်ထားခြင်း

၁။ အသင်းအဖွဲ့အမည် - ------------------------------------

၂။ အသင်း၏ တည်နေရာ - ------------------------------------

၃။ အသင်းစတင်တည်ထောင်သည့်နေ့ - ------------------------------------

၄။ အသင်း၏ ရည်ရွယ်ချက် - ------------------------------------

------------------------------------

------------------------------------

၅။ အသင်း၏ လုပ်ငန်းစဉ် - ------------------------------------

------------------------------------

------------------------------------

၆။ အသင်း၏အမှုဆောင်ဦးရေ - ------------------------------------
( ပုံစံ (၄၊ ၄-က )ဖြင့်ဖော်ပြရန် ) ------------------------------------

၇။ အသင်းဝင်ဦးရေ - ------------------------------------

၈။ အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း - ------------------------------------
(ပူးတွဲဖြင့်ဖော်ပြရန်)

၉။ အသင်းအနေဖြင့်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ - ------------------------------------

၁၀။ အသင်း၏ဖွဲ့စည်းပုံ/စည်းမျဉ်း - ------------------------------------
(ပူးတွဲဖြင့်ဖော်ပြရန်) ------------------------------------

၁၁။ သက်တမ်းတိုးအကြိမ်အရေအတွက် - ------------------------------------

၁၂။ သက်တမ်းကုန်ဆုံးရက် - ------------------------------------
(ယခင်လက်မှတ်မိတ္တူပူးတွဲတင်ပြရန်) ------------------------------------

၁၃။ သီးခြားတင်ပြချက် - ------------------------------------

------------------------------------

၁၄။ လျှောက်ထားသည့်ရက်စွဲ - ------------------------------------

လျှောက်ထားသူ

လက်မှတ် - ------------------------------------

အမည် - ------------------------------------

အသင်း၏ တာဝန် - ------------------------------------

နိုင်ငံသားစိစစ်ရေး - ------------------------------------

ကတ်ပြားအမှတ်

ပုံစံ-(၃)

| အကြီးအကဲ ဓါတ်ပုံ |
|---|

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

၁။ INGO အမည် ------------------------------

၂။ INGO အကြီးအကဲအမည် ------------------------------

၃။ INGO တာဝန်ခံအမည် ------------------------------

၄။ INGO တည်နေရာလိပ်စာ ------------------------------

၅။ INGO ဆက်သွယ်ရမည့် ဖုန်း/ဖက်စ်နံပါတ် ------------------------------

၆။ အသင်းအခြေစိုက်နိုင်ငံ ------------------------------

၇။ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့်လုပ်ငန်း ------------------------------
အမျိုးအစား ------------------------------
------------------------------

၈။ ဆက်သွယ်ဆောင်ရွက်ရမည့်ဝန်ကြီးဌာနများ ------------------------------
------------------------------
------------------------------

၉။ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ------------------------------
(ပူးတွဲဖြင့်ဖော်ပြရန်) ------------------------------

၁၀။ INGO တွင် ပါဝင်သည့် အမှုဆောင်
အဖွဲ့ဝင်ဦးရေ ( ပုံစံ (၄၊ ၄-က)ဖြင့်ဖော်ပြရန် ) ------------------------------

၁၁။ ရုံးခွဲရှိပါက ရုံးခွဲ၏တည်နေရာ ------------------------------

၁၂။ ရုံးခွဲရှိ တာဝန်ခံအမည် ------------------------------

၁၃။ ရုံးခွဲ၏ ဖုန်းနံပါတ် /ဖက်စ်နံပါတ် ------------------------------

၁၄။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသည့်နေ့ ------------------------------

လျှောက်ထားသူ

လက်မှတ် - ------------------------------
အမည် - ------------------------------
အသင်း၏တာဝန် - ------------------------------
စိစစ်ရေးကတ်ပြားအမှတ် - ------------------------------
နေရပ်လိပ်စာ - ------------------------------
------------------------------

## အသင်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်သည့် အမှုဆောင်အဖွဲ့ဝင်များစာရင်း

အသင်းအမည်၊ ------------------------------------------------------------

အသင်းတည်နေရာ၊ ------------------------------------------------------------

လျှောက်ထားသည့်ရက်စွဲ၊ ------------------------------------------

| စဉ် | အမှုဆောင်အမည်နှင့် တာဝန် | ဖခင်/မိခင် အမည် | လက်ရှိအလုပ်အကိုင် နှင့်နေရပ်လိပ်စာ (တိကျစွာဖော်ပြရန်) | ယခင်အလုပ်အကိုင် (တိကျစွာဖော်ပြရန်) | မှတ်ပုံတင်ကတ်ပြား အမှတ် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

ပုံစံ(၄-က)

| ဓါတ်ပုံ |
|---|

--------------------------------အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ ကိုယ်ရေးမှတ်တမ်း

၁။ အမည် - ----------------------------------------
၂။ ဖခင်/မိခင်အမည် - ----------------------------------------
၃။ မွေးသက္ကရာဇ် - ----------------------------------------
၄။ ပညာအရည်အချင်း - ----------------------------------------
၅။ လူမျိုး/ဘာသာ - ----------------------------------------
၆။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ----------------------------------------
၇။ လက်ရှိအလုပ်အကိုင် - ----------------------------------------
၈။ ယခင်လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင် - ----------------------------------------
၉။ အသင်း၏တာဝန် - ----------------------------------------
၁၀။ ခင်ပွန်း/ဇနီးအမည် - ----------------------------------------
၁၁။ နေရပ်လိပ်စာ/ဆက်သွယ်ရန်ဖုန်းအမှတ် - ----------------------------------------
----------------------------------------

အထက်ဖော်ပြပါ ကိုယ်ရေးမှတ်တမ်းများသည် မှန်ကန်ကြောင်း တာဝန်ယူပါသည်။

လက်မှတ် - ----------------------------------------
အမည် - ----------------------------------------
ရက်စွဲ - ----------------------------------------

(မှတ်ပုံတင်ရုံးတွင်ထိန်းသိမ်းထားရန်)

**ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကိုလက်ခံရရှိခြင်း**

-----------အသင်းအဖွဲ့က ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကို -------- ခုနှစ်၊ ----------လ၊ ----- ရက်နေ့၊ --------နာရီတွင် လက်ခံရရှိပါသည်။

လျှောက်ထားသူ
အမည်၊ ------------------
တာဝန်၊------------------
-------------အသင်းအဖွဲ့

(မှတ်ဆိပ်)

လျှောက်လွှာလက်ခံသူ
အမည် ------------------
ရာထူး/တာဝန်၊------------------
--------------မှတ်ပုံတင်ရုံး

---

(လျှောက်ထားသူများသို့ ပြန်လည်ပေးအပ်ရန်)

**ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကိုလက်ခံရရှိခြင်း**

-----------အသင်းအဖွဲ့က ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကို ------ ခုနှစ်၊ -----------လ၊ ----- ရက်နေ့၊ -------နာရီတွင် လက်ခံရရှိပါသည်။

လျှောက်ထားသူ
အမည်၊ ------------------
တာဝန်၊------------------
-------------အသင်းအဖွဲ့

(မှတ်ဆိပ်)

လျှောက်လွှာလက်ခံသူ
အမည် ------------------
ရာထူး/တာဝန်၊------------------
--------------မှတ်ပုံတင်ရုံး